# ၈-သုပ္ပဝါသာသုတ်

၁၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကုဏ္ဍိကာ မြို့ ကုဏ္ဍဓာနတော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ ထိုသုပ္ပ ဝါသာမင်းသမီးသည် ထက်မြက် ကြမ်းကြုတ်စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသည် ရှိသော် "အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ တရားဟော၏၊

http://www.dhammadownload.com



ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား၊ အကြင်သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ ကောင်းစွာ ကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား၊ အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ၊ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား”ဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏။

ထို့နောက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ခင်ပွန်းသည်ကိုခေါ်၍“အရှင့်သား သင်သည် လာပါလော့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ကျွန်မ၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါလော့၊ အနာရောဂါကင်းရှင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်ပါချေလော့။ ‘အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ အနာရောဂါ ကင်းရှင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်လိုက်ပါ၏’ဟု လျှောက်ပါလော့။ ‘အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသောအခါ အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကိုပယ်ခြင်းငှါ တရားဟော၏၊ ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား။ အကြင်သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ ကောင်းစွာကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား။ အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ၊ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား’ဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏ဟု ဤသို့လည်း လျှောက်ပါလော့”ဟု ဆို၏။

ထိုကောလိယမင်းသားသည် “ကောင်းပြီ”ဟု ကောလိယမင်းသမီး သုပ္ပဝါသာ၏ (စကားကို) ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ အနာရောဂါကင်းရှင်းခြင်း ဆင်းရဲကင်းခြင်း လျင်စွာထနိုင်ခြင်း ခွန်အားရှိခြင်း ချမ်းသာစွာနေရခြင်းကို မေးလျှောက်လိုက်ပါ၏။ ‘အသျှင်ဘုရား ကောလိယမင်းသမီးသုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ ထိုသုပ္ပဝါသာမင်းသမီးသည် ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ဖြင့် တွေ့ထိသောအခါ အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ တရားဟော၏၊ ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား၊ အကြင်သံဃာတော်သည် ဤသို့ သဘောရှိသော ဆင်းရဲကိုပယ်ခြင်းငှါ ကောင်းစွာ ကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား၊ အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ၊ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွတကား’ဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏၊ ဤသို့လည်း လျှောက်လိုက်ပါ၏”ဟု (လျှောက်၏)။

“ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစေသတည်း၊ ရောဂါကင်းသော သားကို ဖွားစေသတည်း”ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား မိန့်ဆိုလိုက်သည်နှင့်တပြိုင်နက်

http://www.dhammadownload.com



ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်လေ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုကောလိယမင်းသားသည် မြတ်စွာဘုရား၏ စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ မိမိအိမ်သို့ပြန်သွားလေ၏။ ကောလိယမင်းသားသည် ရောဂါကင်းသောသားကို ဖွားမြင်ပြီးသော ရောဂါမရှိမူ၍ ချမ်းသာခြင်းရှိသော ကောလိယမင်းသမီး သုပ္ပဝါသာကို မြင်၍ ကောလိယမင်းသား အား ဤသို့ အကြံဖြစ်၏ "အချင်းတို့ မြတ်စွာဘုရား၏ ကြီးသောတန်ခိုး ကြီးသောအာနုဘော် ရှိသည်၏အဖြစ်သည် အံ့ဖွယ်ရှိပေစွ၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ မြတ်စွာဘုရား မိန့်ဆိုလိုက်သည် နှင့်တပြိုင်နက် ဤကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်၏"ဟု နှစ်လိုခြင်း ဝမ်းမြောက်ခြင်း နှစ်သက်ရွှင်လန်းခြင်း ဖြစ်လေ၏။

ထို့နောက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ခင်ပွန်းသည်ကိုခေါ်၍ "အရှင့်သား လာပါဦးလော့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ကျွန်မ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါလော့ 'အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏'၊ 'အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင်ပါ၏၊သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူတကွ ကောလိယမင်းသမီးသုပ္ပဝါသာ၏ ဆွမ်းတို့ကို ခုနစ်ရက်ပတ်လုံး သည်းခံ သာယာတော်မူပါ'ဟု ဤသို့လည်း လျှောက်ထားလော့"ဟု ပြောဆို၏။

ကောလိယမင်းသားသည် "ကောင်းပြီ"ဟု ကောလိယမင်းသမီး သုပ္ပဝါသာ၏ စကားကို ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ "အသျှင်ဘုရား ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကိုဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေပါ၏၊သုပ္ပဝါသာမင်းသမီး သည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်၏၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်ပါ၏၊ အသျှင်ဘုရားသည် ရဟန်းသံဃာနှင့်အတူတကွ ကောလိယမင်းသမီး သုပ္ပဝါသာ၏ ဆွမ်းတို့ကို ခုနစ်ရက်ပတ်လုံး သည်းခံ သာယာတော်မူပါ"ဟု ဤသို့လည်း လျှောက်လိုက်ပါ၏ ဟု (ဤသို့လျှောက်၏)။

ထိုအခါ တယောက်သောဥပါသကာသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို နက်ဖန်အလို့ငှါ ဆွမ်းစားပင့်ဖိတ်ထားပြီးဖြစ်၏၊ထိုဥပါသကာသည်ကား အသျှင်မဟာမောဂ္ဂလ္လာန်၏ အလုပ်အကျွေး ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်မောဂ္ဂလ္လာန်ကို ခေါ်၍ "မောဂ္ဂလ္လာန် လာဦးလော့၊ ဥပါသကာထံသို့ ချဉ်းကပ်ပြီးလျှင် ထိုဥပါသကာကို ဤသို့ပြောဆိုလော့ 'ဥပါသကာ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ယခုအခါ ရောဂါမရှိမူ၍ ချမ်းသာစွာ

http://www.dhammadownload.com



ရောဂါကင်းသောသားကို ဖွားမြင်၏၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်၏၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊သင်ကား နောက်မှ ကျွေးပါ'ဟု ပြောချေလော့၊ ဤဥပါသကာသည် သင်၏ အလုပ်အကျွေးတည်း"ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏ စကားကို ဝန်ခံ၍ ဥပါသကာထံသို့ ချဉ်းကပ်ပြီးလျှင် ထိုဥပါသကာကို ဤသို့မိန့်ဆို၏"ဥပါသကာ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေ၏၊ သုပ္ပဝါသာမင်းသမီးသည် ယခုအခါ ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင်၏၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်၏၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ သင်ကား နောက်မှ ကျွေးပါ"ဟု ဤသို့ (မိန့်ဆို၏)။

အသျှင်ဘုရား အသျှင်မဟာမောဂ္ဂလ္လာန်သည် တပည့်တော်၏စည်းစိမ်ဥစ္စာကိုရင်း အသက်ကိုရင်း သဒ္ဓါတရားကိုရင်း ဤသုံးပါးသော တရားတို့ကို အာမခံနိုင်ပါမူ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်ကား နောက်မှ ကျွေးပါမည်ဟု (လျှောက်၏)။ ဥပါသကာ ထိုတရားသုံးပါးတို့တွင် စည်းစိမ်ဥစ္စာကိုရင်း အသက်ကိုရင်း ဤနှစ်ပါးသော တရားတို့ကို ငါအာမခံနိုင်၏၊သဒ္ဓါတရားကိုမူကား သင်သည်ပင်လျှင် အာမခံလော့ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသျှင်မဟာမောဂ္ဂလ္လာန်သည် တပည့်တော်၏ စည်းစိမ်ဥစ္စာကိုရင်း အသက်ကိုရင်း တရားနှစ်ပါးကို အာမခံနိုင်ပါမူ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်က နောက်မှ ကျွေးပါမည်ဟု (လျှောက်၏)။

ထိုအခါ ထိုအသျှင်မဟာမောဂ္ဂလ္လာန်သည် ထိုဥပါသကာကို သိစေပြီး၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား တပည့်တော်သည် ထိုဥပါသကာကို အသိပေးခဲ့ပါပြီ၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ ထိုဥပါသကာသည် နောက်မှ ကျွေးပါလိမ့်မည်"ဟု လျှောက်၏။

ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲတင်းတိမ်သည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ထိုသူငယ်ကိုလည်း မြတ်စွာဘုရားနှင့် ရဟန်းသံဃာအားလုံးကို ရှိခိုးစေ၏။

ထိုအခါ အသျှင်သာရိပုတြာသည် ထိုသူငယ်ကို "သူငယ် သင့်အား ခန္ဓာကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲဒုက္ခကင်းပါ၏လော"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားသာရိပုတြာ တပည့်တော်အား အဘယ်မှာ ခန္ဓာကျန်းပါအံ့နည်း၊ မျှတပါအံ့နည်း၊ တပည့်တော်သည် ခုနစ်နှစ်တို့ပတ်လုံး သွေးအိုင်ထဲ၌ နေခဲ့ရပါသည် ဟု (လျှောက်၏)။

ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် "ငါ၏သားသည် တရားစစ်သူကြီး အသျှင်သာရိပုတြာနှင့်အတူတကွ ပြောဆို၏"ဟု နှစ်လိုခြင်း ဝမ်းမြောက်ခြင်း နှစ်သက်ရွှင်လန်းခြင်းဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ကောလိယမင်းသမီး သုပ္ပဝါသာအား နှစ်လိုဝမ်းမြောက်ခြင်း

http://www.dhammadownload.com



နှစ်သက်ရွှင်လန်းခြင်းဖြစ်သည်ကို သိသောကြောင့် ကောလိယမင်းသမီး သုပ္ပဝါသာကို “သုပ္ပဝါသာ သင်သည် ဤသားမှတပါး ဤသို့သဘောရှိသော သားမျိုးကို အလိုရှိသေးသလော”ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား တပည့်တော်မသည် ဤသားမှတပါး ဤသို့သဘောရှိကုန်သော သားခုနစ်ယောက်တို့ကို အလိုရှိပါသေးသည်ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌—

“မသာယာအပ်သော သဘောတရားသည် သာယာဖွယ် အသွင်သဘောဖြင့်ရင်း မချစ်ခင်အပ်သော သဘောတရားသည် ချစ်ချင်ဖွယ် အသွင်သဘောဖြင့်ရင်း ဆင်းရဲသော သဘောတရားသည် ချမ်းသာဖွယ် အသွင်သဘောဖြင့်ရင်း မေ့လျော့နေသူကို လွှမ်းမိုးဖိစီး၏”ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အဋ္ဌမသုတ်။